# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်-(၁/၂၀၂၅)

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော**(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တောအုပ်ကြီးရာထူး (၄၆)နေရာ နှင့် သုတေသနလက်ထောက်-၂ ရာထူး (၂)နေရာ**တို့တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ administrationfd@forest.gov.mm/ forestadmdev@gmail.com သို့ Online စနစ်ဖြင့်ဖြစ်စေ **၁၅-၁၀-၂၀၂၅** ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) တောအုပ်ကြီးရာထူးနေရာများတွင် လျှောက်ထားသူများသည် **သိပ္ပံ(သစ်တော)ဘွဲ့** ရရှိပြီးသူဖြစ်ရမည်၊

( ဂ ) သုတေသနလက်ထောက်-၂ ရာထူးနေရာများတွင် လျှောက်ထားသူများသည် **မဟာသိပ္ပံဘွဲ့(ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓါတုဗေဒ)** ရရှိပြီးသူဖြစ်ရမည်၊ ( ဌာနတွင်း ဝန်ထမ်းဖြစ်ပါက သိပ္ပံဘွဲ့ တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည် )

(ဃ) ၃၁-၁၀-၂၀၂၅ ရက်နေ့တွင်အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်၊ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၇)နှစ် ထက်မကြီးသူ ဖြစ်ရမည်)

( င ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအမှူး၏ ခွင့်ပြုချက်တင်ပြရမည်၊

( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)ခံရသူများ လျှောက်ထားခွင့် မရှိပါ၊

(ဆ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အင်္ဂါပြည့်စုံသန်စွမ်း၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဇ) ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံချက်အား တင်ပြနိုင်သူဖြစ်ရမည်၊

(ဈ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ရာထူးအလိုက် အသေးစိတ်သတ်မှတ်ချက်များနှင့် လျှောက်လွှာပုံစံများအား သစ်တောဦးစီးဌာန၏ Website - www.forestdepartment.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၀၅၄၀၃/ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**